Women with Disabilities Australia



ဦးဆောင်ပြီး

ပါဝင်လုပ်ဆောင်ရန်

Women With Disabilities Australia (WWDA)

ကျွန်မတို့သည် **Women with Disabilities Australia** အဖွဲ့အစည်းဖြစ်သည်။

ကျွန်မတို့အကြောင်း ပြောဆိုသည့်အခါ ကျွန်မတို့ **WWDA** အကြောင်းကို ရေးပါမည်။



ဤစာအုပ်သည် **ဦးဆောင်ပြီး ပါဝင်လုပ်ဆောင်ရန် သင့်အခွင့်အရေး** အကြောင်းဖြစ်သည်။



ကျွန်မတို့သည် ဤစာအုပ်ကို **မသန်မစွမ်းဖြစ်မှု** ရှိသည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရေးခဲ့ပါသည်။

မသန်မစွမ်းဖြစ်မှု အကြောင်းကို ကျွန်မတို့၏ **အသစ် စကားလုံးများ** စာအုပ်တွင် ပိုမိုဖတ်ရှုပါ။



ပါဝင်လုပ်ဆောင်ခြင်း

ဆိုလိုသည်မှာ ကိစ္စရပ်များ၌

ပါဝင်လုပ်ဆောင်ရန်ဖြစ်သည်။ အောက်ပါကဲ့သို့

ဖြစ်သည်။

- သင် **ကျောင်း** တက်နိုင်သည်။

- သင် **အလုပ်** လုပ်နိုင်သည်။

- သင် **ပွဲလမ်းသဘင်များ** သို့သွားနိုင်သည်။

ထိုပြင်

- သင် **ရွေးကောက်ပွဲများ**၌ မဲထည့်နိုင်သည်။



ပါဝင်လုပ်ဆောင်ရန်မှာ သင်၏**အခွင့်အရေး**

ဖြစ်သည်။

မသန်မစွမ်းဖြစ်မှု ရှိသည့်အမျိုးသမီးများနှင့်

မိန်းကလေးများတွင် ပါဝင်လုပ်ဆောင်ရန်အတွက်

သူတို့လိုအပ်သည့် **အကူအညီ**ကိုရရန် အခွင့်အရေး

ရှိသည်။ အောက်ပါကဲ့သို့ ဖြစ်သည်။



- အခြားသော နည်းလမ်းများဖြင့်

  သတင်းအချက်အလက်များ။ ၎င်းတို့ဖြစ်နိုင်သည်မှာ-

  - လွယ်လွယ်ကူကူ အင်္ဂလိပ်စာ
  - စာလုံးကြီးကြီး ရေးသားချက်
  - သင်္ကေတများ။



- ကူညီပေးရန် အထောက်အကူပြုလုပ်သား။

မသန်မစွမ်းဖြစ်မှု ရှိသည့်အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်သော အုပ်စုများကို သြစတြေးလျအစိုးရသည် ပံ့ပိုးပေးရမည်

Women With Disabilities Australia (WWDA)

အောက်ပါကဲ့သို့ ဖြစ်သည်

- Women with Disabilities Australia

Women with disabilities victoria empowering women

- Women with Disabilities Victoria

WWDACT

- Women with Disabilities ACT

- Women with Disabilities WA.

ဩစတြေးလျနိုင်ငံအစိုးရသည် လုပ်ရမည်မှာ-

- ကိစ္စရပ်များ၌ မည်သို့

  ပါဝင်လုပ်ဆောင်ရန်နှင့်ပတ်သက်၍

  သတင်းအချက်အလက်များကို

  မသန်မစွမ်းဖြစ်မှုရှိသည့် အမျိုးသမီးများနှင့်

  မိန်းကလေးများအား ပေးရမည်။

- **ပါဝင်လုပ်ဆောင်ရန်**နှင့် **ခေါင်းဆောင်များဖြစ်လာရန်**

  အတွက် မသန်မစွမ်းဖြစ်မှု ရှိသောအမျိုးသမီးများနှင့်

  မိန်းကလေးများကို ကူညီရန် ငွေကြေး ပေးရမည်။

- မသန်မစွမ်းဖြစ်မှု ရှိသောအမျိုးသမီးများနှင့် မိန်းကလေးများ အကြောင်း ကမ္ဘာ့ကုလသမဂ္ဂသို့ သတင်း အချက်အလက်များ ပေးရမည်။



မသန်မစွမ်းဖြစ်မှု ရှိသောအမျိုးသမီးများနှင့် မိန်းကလေးများတွင် ပါဝင်လုပ်ဆောင်ရန် အခွင့်အရေး ရှိကြောင်း ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများရှိသည်။ အောက်ပါကဲ့သို့ ဖြစ်သည်။

- မသန်မစွမ်းဖြစ်မှုများ ရှိသည့်လူများ၏ အခွင့်အရေးနှင့် ပတ်သက်၍ ကမ္ဘာ့ကုသသမဂ္ဂစာချုပ်

- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်

- ဤစည်းမျဉ်းများနှင့် ပတ်သက်သည့် စာတမ်းများကို သြစတြေးလျှနိုင်ငံ အစိုးရသည် လက်မှတ်ထိုးခဲ့သည်။ သြစတြေးလျှနိုင်ငံ အစိုးရသည် ဤစည်းမျဉ်းများကို လိုက်နာရမည်။

ကျေးဇူးတင်ပါသည်

ဤစာအုပ်ကို မည်သူ ရေးခဲ့သနည်း။

Women with Disabilities Australia **အဖွဲ့အစည်းသည် ဤစာအုပ်ကို ၂၀၁၉ ခုနှစ်တွင်**

ရေးသားခဲ့ပါသည်။

ဤစာအုပ်မှာ အထွေထွေ ပညာပေးအတွက်နှင့် သတင်းအချက်အလက် အတွက်သာဖြစ်သည်။

မူပိုင်ခွင့်

© **မူပိုင်ခွင့်** Women with Disabilities Australia (WWDA) Inc. 2020.

ဤစာအုပ်ရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင် မူပိုင် အပါအဝင် အားလုံးသော

ဉာဏ်ရည်မူပိုင်ခွင့်များကို Women with Disabilities Australia Inc **အဖွဲ့အစည်းက**

ပိုင်ဆိုင်ပြီး လိုင်စင်ပြုလုပ်ထားသည်။ ဤစာအုပ်ကို ရေးရန်ငွေကြေးအတွက် သင့်အား

ကျေးဇူးတင်ပါသည်။ ဤဝက်ဘ်ဆိုက်ကို တည်ထောင်ရန် ငွေကြေးအချို့ကို Women

with Disabilities Australia **အဖွဲ့အစည်းအား** National Disability Insurance

Scheme **က ပေးခဲ့သည်။**

ဤအချက်အလက်စာလွှာတွင် အသုံးပြုသည့် ပုံရိပ်များ Easy on the I Images ©

2019 Leeds and York Partnership NHS Foundation Trust. **ခွင့်ပြုချက်အရ**

အသုံးပြုထားသည်။ www.easyonthei.nhs.ukThe Picture Communication

Symbols © 2019 by Mayer Johnson LLC a Tobii Dynavox company.

ခွင့်ပြုချက်အရ အသုံးပြုထားသည်။ www.tobidynavox.com အမှတ်တံဆိပ်။

ခွင့်ပြုချက်အရ အသုံးပြုထားသည်။